# ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြသရောင်းချပွဲ
# အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော်၊ ဒီဇင်ဘာလ (၂၂) ရက်

၂၀၂၁ ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြသရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဒီဇင်ဘာ ၁၇ ရက်မှ စတင်ကျင်းပလာခဲ့ရာ ယနေ့တွင် ပြပွဲအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၅၀၁) မှ (၇၈၀) အထိ ကျောက်စိမ်းအတွဲ ၂၈၀ ကို တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ အတွဲပေါင်း ၂၂၈ တွဲ ရောင်းချနိုင်ခဲ့သည်။

ယခုပြပွဲအတွင်း ပုလဲအတွဲ ၃၃၀ နှင့် ကျောက်စိမ်းအတွဲ ၇၈၀ ကို ပြသရောင်းချပေးခဲ့ရာ ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များသည် ပြသထားသည့် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများကို လွတ်လပ်စွာ လေ့လာ ကြည့်ရှုခဲ့ကြပြီး ပုလဲအတွဲပေါင်း ၃၃၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၆၂၂ တွဲကို ရောင်းချပေးနိုင်ခဲ့ကြောင်း ပြပွဲဗဟိုကော်မတီထံမှ သိရသည်။

## ကျင်းပနိုင်ခဲ့

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ နိုင်ငံခြားငွေဖြင့် ရောင်းချသည့်ပြပွဲ ၉၅ ပွဲ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ပြပွဲ ၁၉ ပွဲ ကျင်းပနိုင်ခဲ့ပြီး ယခုကျင်းပသည့် ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြပွဲသည် နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ၉၆ ပွဲမြောက်ဖြစ်ကြောင်း သိရသည်။